# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
# ၏
# သင်းဖွဲ့မှတ်တမ်း

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော နိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ကြိတ်ခွဲရောင်းချသည့် ဆန်စပါးစီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်လူဦးရေ၏ အများစုနှင့် ဆက်နွယ်ပတ်သက်နေပါသည်။ဆန်စပါးစီးပွားရေး လုပ်ငန်းများတွင် လုပ်ငန်းအလိုက် ပုဂ္ဂလိက အသင်းအဖွဲ့များ ဖွဲ့စည်းထားရှိရာ အဆိုပါ အသင်းအဖွဲ့များ၏ လုပ်ဆောင်မှုများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်နှင့် ဦးဆောင်လမ်းညွှန်မှုပြုနိုင်ရန်၊ ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များ အချင်းချင်း အချိတ်အဆက်မိစွာဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ စည်းလုံးညီညွတ်စွာဖြင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ အများစုဆန္ဒနှင့် အညီဆုံးဖြတ်ခြင်း၊ အနည်းစု၏ ဆန္ဒကို လေးစားခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှရှိခြင်း စသော ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာကျင့်သုံးနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍတွင် ပါဝင်သော အသင်းအဖွဲ့များ၊ စိုက်ပျိုးသူလယ်သမားများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူအားလုံးကို ဦးဆောင်လမ်းညွှန်မှုပြုနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (Myanmar Rice Federation ) ကို ဖွဲ့စည်းတည်ထောင်ပါသည်။

## ရည်ရွယ်ချက်များ

၂။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆန်စပါးလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အထောက်အကူပြုရန်။

(ခ ) အသင်းချုပ်သည် ဆန်စပါးဆိုင်ရာအသင်းများကို ဦးဆောင်ပြု၍ မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ ) အသင်းချုပ်သည် ဆန်စပါးဆိုင်ရာ အသင်းများ အကြားတွင် ညီညွတ်မှု၊ စည်းလုံးမှု၊ စာနာနားလည်မှု၊ တိုင်ပင်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အလေ့အထကောင်းများကို စုပေါင်းဦးဆောင်မှုစနစ်ဖြင့် ဖော်ဆောင်ရန်။

(ဃ) ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များ၏ လုပ်ငန်းရည်ရွယ်ချက်များကို အောင်မြင်အထမြောက်ရန်အတွက် ပံ့ပိုးကူညီပေးရန်။

(င ) အသင်းချုပ်သည် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးကို လွတ်လပ်စွာ တီထွင်ကြံဆမှု၊ တရားမျှတမှု၊ သာတူညီမျှမှုတို့ကို အခြေခံ၍ ဒီမိုကရေစီနည်းလမ်းများဖြင့် ဖော်ဆောင်ရန်။

(စ ) အသင်းချုပ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တည်ရှိသော လွှတ်တော်အသီးသီးနှင့် ရေးရာကော်မတီများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်။

(ဆ) အသင်းချုပ်သည် နိုင်ငံတော်နှင့် ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ရန်။

(ဇ ) အသင်းချုပ်သည် ဆန်စပါးကဏ္ဍနှင့် သက်ဆိုင်သောသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများ၊ သတင်းအချက်အလက်နှင့် နည်းပညာစုဆောင်းဖြန့်ဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်။

(ဈ ) အသင်းချုပ်သည် ဆန်စပါးဆိုင်ရာ မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သုံးသပ်အကြံပြုတင်ပြရန်။

(ည) အသင်းချုပ်သည် အသင်းဝင်များ၊ အသင်းများအကြား အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးရန်။

**တည်နေရာ**

၃။ အသင်းချုပ်၏ မှတ်ပုံတင်တည်နေရာမှာ ရန်ကုန်မြို့တွင် ဖြစ်သည်။

**အသင်းချုပ်၏လုပ်ငန်းတာဝန်များ**

၄။ ရည်ရွယ်ချက်တွင်ဖော်ပြပါရှိသော အကြောင်းအရာများအောင်မြင်စေရန်နှင့် ဆန်စပါးဆိုင်ရာအသင်းများ၏ သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင်ပါဝင်သော ရည်ရွယ်ချက်များအောင်မြင်စေရန် ဦးဆောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။

**အသင်းချုပ်၏ ငွေကြေးနှင့်ပစ္စည်းသုံးစွဲခြင်း**

၅။ အသင်းချုပ်၏ငွေကြေးနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများကို အသင်းချုပ်၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်အတွက် အသုံးပြုရမည်။

**သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း ပြင်ဆင်ပြောင်းလဲခြင်း**

၆။ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင် ပြင်ဆင်ခြင်း (သို့မဟုတ်) ဖြည့်စွက်ခြင်း (သို့မဟုတ်) ပြောင်းလဲခြင်းတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်၊ အထွေထွေညီလာခံ၏ အတည်ပြုချက်များရယူပြီး နှစ်ပတ်လည်အစည်းအဝေးတွင် သဘောတူညီချက်ရယူဆောင်ရွက်ရန်ဖြစ်သည်။

**အသင်းချုပ် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းခြင်း**

၇။ အသင်းချုပ်ကို ဖျက်သိမ်းသောနေ့၌ အသင်းသားဖြစ်သူနှင့် ထိုနေ့မတိုင်မီ တစ်နှစ်အတွင်း အသင်းသားအဖြစ်မှ ရပ်စဲခဲ့သော မည်သူမဆို မိမိအသင်းသားဖြစ်စဉ်က အသင်းကတင်ရှိသော ကြွေးမြီနှင့် အသင်းချုပ်ကို

ဖျက်သိမ်းရာ၌ ကုန်ကျသောစရိတ်ကြေးငွေအတွက် ဝေပုံကျအသီးသီးပေးလျော်ရန် တာဝန်ရှိသည်။ ယင်းသို့ အသင်းသားအချင်းချင်း ပေးလျော်ရန် တာဝန်ကို ဝေပုံချရာ၌ အသင်းသားတစ်ဦး၏ သာမညတာဝန်မှာ မိမိပေးဆောင်ရသော နှစ်စဉ်ကြေးထက် မပိုစေရ။

အသင်းချုပ်ကိုဖျက်သိမ်း၍ပေးလျော်ရန်ရှိသော ကြွေးမြီတာဝန်အားလုံးကိုရှင်းလင်းပြီးနောက် အသင်းချုပ်ပိုင် ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသောပစ္စည်းကို အသင်းသားများအား ခွဲဝေ၊ ဝေငှ၊ ပေးကမ်း လွှဲပြောင်းခြင်းမပြုဘဲ အသင်းချုပ်ကို ဖျက်သိမ်းသည့်အခါဖြစ်စေ၊ မဖျက်သိမ်းမီဖြစ်စေ၊ အသင်းချုပ်နှင့် ရည်ရွယ်ချက်ခြင်း တူညီသော အခြားအသင်းအဖွဲ့အား လွှဲပြောင်းလှူဒါန်းရမည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာခြင်း

၈။ အသင်းချုပ်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာများကို လိုက်နာဆောင်ရွက်မည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုထားသော ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်မည်။

## အသင်းချုပ်တည်ထောင်သူများ၏ လက်မှတ်များ

၉။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို တည်ထောင်ဖွဲ့စည်းရန် အတွက် စတင်တည်ထောင်သူများသည် အသင်းချုပ်ဖွဲ့စည်းတည်ထောင်ရေးအတွက် လက်မှတ်ရေးထိုး တည်ထောင်ကြပါသည်။

# အခန်း (၁)

## အမည်၊ တည်နေရာ၊ သက်တမ်းကာလနှင့် ရည်ရွယ်ချက်များ

### အသင်းချုပ်၏ အမည်

၁။ အသင်းချုပ်၏ အမည်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (Myanmar Rice Federation) ဟုခေါ်တွင်စေမည်။ စည်းမျဉ်းများ၌ **'အသင်းချုပ်'** ဟု ဖော်ပြထားသည်။

### တည်နေရာ

၂။ အသင်းချုပ်၏ မှတ်ပုံတင်တည်နေရာမှာ ရန်ကုန်မြို့တွင် ဖြစ်သည်။

### သက်တမ်းကာလ

၃။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အမှုဆောင် သက်တမ်းကာလမှာ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်းမပြုသည့် အချိန်အထိဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံ၊ အလုပ်အမှုဆောင်ကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့၏ သက်တမ်းကာလကို (၃)နှစ် သတ်မှတ်သည်။ သက်တမ်းမကုန်ဆုံးမီ တည်ရှိသော အထွေထွေညီလာခံနှင့် အလုပ်အမှုဆောင်ကော်မတီတို့သည် သက်တမ်းမကုန်ဆုံးမီ (၆၀)ရက်အတွင်း ကြိုတင်၍ဖြစ်စေ၊ သက်တမ်းကုန်ဆုံးပြီး (၆၀)ရက်ထက် နောက်မကျစေဘဲဖြစ်စေ ကိုယ်စားလှယ်များနှင့် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပြီး ရွေးချယ်တင်မြှောက်ခြင်း လုပ်ငန်းစဉ်များနှင့် အထွေထွေညီလာခံ ခေါ်ယူကျင်းပခြင်းကို ဆောင်ရွက်ရမည်။

### ရည်ရွယ်ချက်များ

၄။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းအပိုဒ်(၂)တွင် ဖော်ပြထားသော ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်။

# အခန်း (၂)

# အသင်းဝင်ရေးရာကိစ္စရပ်များ

**အသင်းဝင်ဦးရေ**

၁။ အသင်းချုပ်တွင်အသင်းဝင်ဦးရေ ကန့်သတ်ချက်မရှိစေရ။ စနစ်တကျ ရွေးချယ်တင်မြှောက်ထားသော ဆန်စပါးလုပ်ငန်းဆိုင်ရာအသင်းများသည် အရေအတွက် ကန့်သတ်ချက်မရှိစေဘဲ ဖွဲ့စည်းနိုင်ပြီး အသင်းချုပ်တွင် အသင်းဝင်ဖြစ်နိုင်သည်။ သို့ရာတွင် လုပ်ငန်းတူ၊ အမျိုးအစား တူသောအသင်းသည် နိုင်ငံတော်အဆင့်တွင် တစ်သင်းသာ ဖွဲ့စည်းနိုင်ပြီး၊ အသင်းချုပ်အဖွဲ့ဝင်အဖြစ် မူလတည်ရှိသော အသင်းကိုသာအသိအမှတ်ပြုရမည်။

**အသင်းဝင်ခြင်း၊ အသင်းဝင်အမျိုးအစား၊ အရည်အချင်းသတ်မှတ်ချက်နှင့် အကျိုးခံစားခွင့်များ**

၂။ အသင်းချုပ်တွင် 'က' အဆင့် အသင်းဝင်နှင့် 'ခ' အဆင့် အသင်းဝင်ဟူ၍ သတ်မှတ်ထားရှိသည်။ အသင်းချုပ်တွင် အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများပေးသွင်းပြီး စီမံခန့်ခွဲရေးကော်မတီမှ လက်ခံအတည်ပြုသော အသင်းဝင်များသည် 'က' အဆင့် အသင်းဝင်ဖြစ်သည်။ ဆန်စပါးဆိုင်ရာအသင်းများမှ အသင်းဝင်များသည် အသင်းချုပ်တွင် 'ခ' အဆင့် အသင်းဝင်များဖြစ်သည်။ အသင်းချုပ်၏အဖွဲ့အစည်းများ၊ ကော်မတီများတွင် 'က' အဆင့် အသင်းဝင်များသည် မဲပေးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး၊ 'ခ' အဆင့် အသင်းဝင်များသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်သတ်မှတ်ပေးမှုဖြင့် လိုအပ်ပါက မဲပေးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။ ညီလာခံကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသူသည် 'က' အဆင့် အသင်းဝင်အဖြစ် အသင်းဝင်ရောက်ရန် လိုအပ်ပါသည်။

**အသင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းနှင့် ငြင်းပယ်ခြင်း**

၃။ အသင်းချုပ်တွင်အသင်းဝင်လိုသူသည် အသင်းချုပ်ကပြဋ္ဌာန်းထားသော အဆိုပြုလွှာပုံစံပေါ်တွင် ဝန်ခံလက်မှတ်ရေးထိုး၍ လျှောက်ထားရမည်။ အသင်းဝင်အဖြစ် လက်ခံသင့်/မသင့်ကို အသင်းသားရေးရာ ကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့မှဆုံးဖြတ်ပြီး အတည်ပြုရန်ဖြစ်သည်။ အသင်းချုပ်သည် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီခြင်းမရှိသော အသင်းဝင်လျှောက်လွှာများကို ငြင်းပယ်နိုင်သည်။

**ငြင်းပယ်ခံရသော အသင်းဝင်အဆိုပြုလွှာ**

၄။ အသင်းချုပ်သို့ဝင်ရန်အဆိုပြုထားသူသည် အသင်းချုပ်သို့ဝင်ခွင့်မရရှိဘဲ ငြင်းပယ်ခံရပါက အသင်းဝင်ခွင့်ရရန်အတွက် အသင်းချုပ်တွင် 'က' အဆင့် အသင်းဝင်ထားသူ (၅) ဦး၏ ထောက်ခံချက်ဖြင့် ပြန်လည်လျှောက်ထားနိုင်ခွင့်ရှိသည်။

**အသင်းဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ အယူခံခြင်း**

၅။ အသင်းချုပ်တွင်အသင်းဝင်ထားသူသည် မိမိ၏လွတ်လပ်သောဆန္ဒသဘောထားနှင့်အညီ အသင်းဝင်အဖြစ်မှ နုတ်ထွက်နိုင်သည်။ အသင်းသားတစ်ဦးဦးသည် အသင်းချုပ်မှ သတ်မှတ်ထားသော စည်းကမ်းတစ်ခုခုအား ဖောက်ဖျက်လျှင်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် စီမံခန့်ခွဲရေးကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီတို့မှ အသင်းသားအဖြစ် ဆက်လက်ထားရှိနေခြင်းကို မလိုလားအပ်ဟု ယူဆလျှင်ဖြစ်စေ ယင်းအသင်းသားအား အသင်းချုပ်၏ အသင်းဝင်အဖြစ်မှ ရပ်စဲရန် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ဆုံးဖြတ်နိုင်သည်။ ထိုဆုံးဖြတ်ချက်ကို အထွေထွေညီလာခံတွင် အတည်ပြုချက် ရယူရမည်။ အရေးယူခံရသော အသင်းသားသည် အယူခံခွင့်ရှိစေရမည်။

**ဝင်ကြေးနှင့်နှစ်စဉ်ကြေး**

၆။ ဝင်ကြေးနှင့် နှစ်စဉ်ကြေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အသင်းဝင်အမျိုးအစား | ဝင်ကြေး (ကျပ်) | နှစ်စဉ်ကြေး(ကျပ်) |
|---|---|---|---|
| ၁။ | 'က' အဆင့် အသင်းဝင် (လူပုဂ္ဂိုလ်) | ၁၀,၀၀၀/- | ၅,၀၀၀/- |
| ၂။ | 'က' အဆင့် အသင်းဝင် (ပြည်တွင်း ကုမ္ပဏီ/အဖွဲ့အစည်း) | ၃၀၀,၀၀၀/- | ၅၀,၀၀၀/- |
| ၃။ | 'က' အဆင့် အသင်းဝင် (နိုင်ငံခြား/ဖက်စပ်ကုမ္ပဏီ) | US$ 500 | US$300 |
| ၄။ | 'က' အဆင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွက် တောင်သူလယ်သမား အသင်းဝင် | ၃,၀၀၀/- | ၂,၀၀၀/- |

မှတ်ချက်။ ။ 'ခ' အဆင့် အသင်းဝင်များအတွက် အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးပေးရန် တာဝန်မရှိစေရ။ 'က' အဆင့် အသင်းဝင်ရောက်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီများ၏ နှစ်စဉ်ကြေးကို (3) နှစ်စာ တစ်ပေါင်းတည်း အပြီးကောက်ယူထားရှိသည်။

**ရာသက်ပန်အသင်းဝင်အဖြစ် အသိအမှတ်ပြုခြင်း**

၇။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်အတည်ပြုချက်နှင့်အညီ အသင်းဝင်တစ်ဦးအား ရာသက်ပန် အသင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်သည်။

**ဂုဏ်ထူးဆောင်အသင်းဝင်အဖြစ် အသိအမှတ်ပြုခြင်း**

၈။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ဆုံးဖြတ်အတည်ပြုချက်နှင့်အညီ အသင်းဝင်များအနက်မှဖြစ်စေ၊ အသင်းဝင်မဟုတ်သူ တစ်ဦးကိုဖြစ်စေ ဂုဏ်ထူးဆောင်အသင်းဝင်ဖြစ်ထိုက်သော အရည်အချင်းများနှင့် ပြည့်စုံသည်ဟု ယူဆပါက ဂုဏ်ထူးဆောင်အသင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်သည်။

# အခန်း (၃)
# အသင်းချုပ်၏ အမှတ်တံဆိပ်နှင့် ရုံးလုပ်ငန်းဖွဲ့စည်းပုံ

**အသင်းချုပ်၏ အမှတ်တံဆိပ်**

၁။ အသင်းချုပ်၏အမှတ်တံဆိပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ အသင်းချုပ်၏အမှတ်တံဆိပ်ကို စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ သုံးစွဲခွင့်မပြုစေရ။

**အသင်းချုပ်၏ရုံးလုပ်ငန်းဖွဲ့စည်းပုံ**

၂။ အသင်းချုပ်၏ရုံးလုပ်ငန်းဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နာယကများတင်မြှောက်ခြင်း - နာယကများတင်မြှောက်ခြင်းကို သင့်လျော်သောပုဂ္ဂိုလ်များအားတာဝန်ပေးခြင်းဖြင့်ဆောင်ရွက်နိုင်သည်။ စီမံခန့်ခွဲရေးကော်မတီ၏ အကြံပြုတင်ပြချက်ဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် အတည်ပြုတင်မြှောက်နိုင်သည်။

(ခ) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ - အသင်းချုပ်ဥက္ကဋ္ဌတာဝန်မှ လတ်တလော အနားယူသွားသောယခင်ဥက္ကဋ္ဌ (Immediate Past President -IPP )အား ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ (Honorary Chairman) အဖြစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သတ်မှတ်တာဝန်ပေးရမည်။

(ဂ) အကြံပေးအဖွဲ့ - အသင်းအတွက် အကြံပေးပုဂ္ဂိုလ်များဖြင့် အကြံပေးအဖွဲ့ဖွဲ့စည်းထားရှိခြင်းကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ အကြံပြုချက်ဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးတွင် အတည်ပြု ဖွဲ့စည်းရမည်။

(ဃ) အထွေထွေညီလာခံ - အသင်းချုပ်၏ အထွေထွေညီလာခံကို စုစုပေါင်း( ၃၀၀ ) ဦးထက် မပိုသော အရေအတွက်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

(င ) အလုပ်အမှုဆောင်ကော်မတီ - အလုပ်အမှုဆောင်ကော်မတီကို အများဆုံးအဖွဲ့ဝင် (၁၅၀) ဦးဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

(စ ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ - ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အများဆုံးအဖွဲ့ဝင် (၇၅)ဦးဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

(ဆ) စီမံခန့်ခွဲရေးကော်မတီ - စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ရွေးကောက်တင်မြှောက် ဖွဲ့စည်းရမည်-

(၁) ဥက္ကဋ္ဌ (၁) ဦး

(၂) ဒုတိယဥက္ကဋ္ဌ (၄) ဦး မှ (၇)ဦး အထိ

(၃) အထွေထွေအတွင်းရေးမှူး (၁) ဦး

(၄) တွဲဖက်အထွေထွေအတွင်းရေးမှူး (၄) ဦး မှ (၇)ဦးအထိ

(၅) ဘဏ္ဍာရေးမှူး (၁)ဦးမှ (၃) ဦး အထိ

(၆) စာရင်းစစ် (၁) ဦးမှ (၃) ဦး အထိ

# အခန်း (၄)
# အသင်းချုပ်၏ ဖွဲ့စည်းပုံ

**အသင်းချုပ်နှင့် အသင်းများ**

၁။ အသင်းချုပ်သည် ဆန်စပါးဆိုင်ရာ အသင်းများနှင့် ဆန်စပါးလုပ်ငန်းများကို ဦးဆောင်သူဖြစ်သည်။ ဆန်စပါးဆိုင်ရာ အသင်းများနှင့် ဆန်စပါးလုပ်ငန်းများသည် ဆန်စပါးစိုက်ပျိုး၊ ထုတ်လုပ်၊ ကြိတ်ခွဲရောင်းချသည့် လုပ်ငန်းများတွင် အသင်းချုပ်၏ ပေါင်းစပ်ညှိနှိုင်းပေးမှုများအတိုင်း ရည်ရွယ်ချက်များ အောင်မြင်စေရန် ဆောင်ရွက်ရမည်။ အသင်းချုပ်နှင့် အသင်းများသည် ဆန်စပါးကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီမှု၊ တိုင်ပင်ညှိနှိုင်းမှု၊ စုပေါင်းဆွေးနွေးအဖြေရှာမှု၊ တရားမျှတမှု စသော ဒီမိုကရေစီ ကျင့်စဉ်များဖြင့် ဆောင်ရွက်ရမည်။

**အထွေထွေညီလာခံ**

၂။ အထွေထွေညီလာခံသည် အသင်းချုပ်တွင်အခွင့်အာဏာ အမြင့်မားဆုံးသောအဖွဲ့အစည်းဖြစ်သည်။ အထွေထွေညီလာခံကို တစ်နှစ်လျှင်အနည်းဆုံး (၁) ကြိမ် ခေါ်ယူကျင်းပရမည်။ တစ်ကြိမ်နှင့်တစ်ကြိမ်အကြား ကြားကာလသည် (၁၅) လထက် မပိုစေရ။အထွေထွေညီလာခံကို ကိုယ်စားလှယ်ဦးရေ (၃၀၀) ဦးထက်မပိုစေသော အရေအတွက်ဖြင့် ဖွဲ့စည်းရမည်။ အထွေထွေညီလာခံ၏ သက်တမ်းသည် (၃) နှစ်ဖြစ်သည်။

အထွေထွေညီလာခံကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က ) ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ကိုယ်စားပြုသော ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှ ကိုယ်စားပြု ပါဝင်သည့် စိုက်ပျိုးထုတ်လုပ်သူများ၊ တောင်သူလယ်သမားများ အပါအဝင် (၇၅)ဦး ထက် မပိုသော ကိုယ်စားလှယ်များ။

(ခ ) ဆန်စက်လုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသော ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှ ကိုယ်စားပြု ပါဝင်သည့်ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းလုပ်ကိုင်သူများ အပါအဝင်(၇၅)ဦးထက် မပိုသော ကိုယ်စားလှယ်များ။

(ဂ ) ဆန်စပါးကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသော ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှ ကိုယ်စားပြု ပါဝင်သည့် ဆန်ကုန်သည်များ၊ ဆန်ပြည်ပတင်ပို့သူများအပါအဝင်(၇၅)ဦးထက် မပိုသော ကိုယ်စားလှယ်များ။

(ဃ) ဆန်စပါးလုပ်ငန်းနှင့်ဆက်စပ်လုပ်ကိုင်နေသော ညီနောင်အသင်းများနှင့် အသင်းချုပ်တွင် (က) အဆင့်အသင်းဝင်များအနက်မှ (၇၅) ဦးထက် မပိုသော ကိုယ်စားလှယ်များ။

အထွေထွေညီလာခံတွင် ပါဝင်သောကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်ကို အခန်း (၅) တွင် ဖော်ပြထားပါသည်။ အသင်းချုပ်သည် ကိုယ်စားလှယ်များစနစ်တကျ ရွေးချယ်နိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ရေးကော်မရှင်နှင့် ညှိနှိုင်းပြီး လိုအပ်သောစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကိုချမှတ်နိုင်သည်။

**နာယကများတင်မြှောက်ခြင်း**

၃။ အသင်းချုပ်မှ သတ်မှတ်ပြဋ္ဌာန်းသော နာယကအရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို အသင်းချုပ်၏ နာယကများအဖြစ်တင်မြှောက်နိုင်သည်။

**ဂုဏ်ထူးဆောင်ဥက္ကဌ**

၄။ အသင်းချုပ်ဥက္ကဌတာဝန်မှ လတ်တလော အနားယူသွားသော ယခင်ဥက္ကဌ (Immediate Past President-IPP )အား ဂုဏ်ထူးဆောင်ဥက္ကဌ(Honorary Chairman )အဖြစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သတ်မှတ်ရမည်။

**အကြံပေးအဖွဲ့**

၅။ အသင်းချုပ်၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကြံပြုနိုင်သော ပုဂ္ဂိုလ်များအား ရွေးချယ်ပါဝင်စေ၍ အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

**အလုပ်အမှုဆောင်ကော်မတီ**

၆။ အထွေထွေညီလာခံ၏ကိုယ်စား၊ အထွေထွေညီလာခံတစ်ကြိမ်နှင့် တစ်ကြိမ်အကြားတွင် အသင်းချုပ်၏ လုပ်ငန်းများ ကောင်းစွာလည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အမှုဆောင်ကော်မတီကို အထွေထွေညီလာခံ ကိုယ်စားလှယ်များအနက်မှ (၁၅၀) ဦးထက်မပိုသော အရေအတွက်ဖြင့် ရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးရမည်။

အလုပ်အမှုဆောင်ကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ကိုယ်စားပြုသည့် အသင်းများ၏ ဥက္ကဌများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသော ပြည်နယ်နှင့်တိုင်းဒေသကြီး အသင်းများ၏ဥက္ကဌများ အပါအဝင် စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများကို ကိုယ်စားပြုသည့် (၃၀)ဦးထက် မပိုသော အလုပ်အမှုဆောင်ကော်မတီဝင်များ။

(ခ ) ဆန်စက်လုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့် အသင်းများ၏ ဥက္ကဌများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသော ပြည်နယ်နှင့်တိုင်းဒေသကြီး အသင်းများ၏ဥက္ကဌများ အပါအဝင် ဆန်စက်လုပ်ငန်းရှင်များကို ကိုယ်စားပြုသည့်( ၃၀ )ဦး ထက် မပိုသော အလုပ်အမှုဆောင်ကော်မတီဝင်များ။

(ဂ ) ဆန်စပါးကုန်သွယ်မှုလုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသည့် အသင်းများ၏ ဥက္ကဌများနှင့် ဗဟိုအလုပ် အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသော ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်းများ၏ဥက္ကဌများ အပါအဝင် ဆန်ကုန်သည်များကို ကိုယ်စားပြုသည့်( ၃၀ ) ဦး ထက်မပိုသော အလုပ်အမှုဆောင်ကော်မတီဝင်များ။

(ဃ) ဆန်စပါးလုပ်ငန်းနှင့်ဆက်စပ်လုပ်ကိုင်နေသော ညီနောင်အသင်းများမှ ဥက္ကဋ္ဌများပါဝင်သည့် (၃၀) ဦးထက် မပိုသော အလုပ်အမှုဆောင်ကော်မတီဝင်များ။

(င) အထွေထွေညီလာခံမှ မဲပေးရွေးချယ်သည့် (၃၀) ဦးထက် မပိုသော အလုပ်အမှုဆောင်ကော်မတီဝင်များ။

(စ) အထက်အပိုဒ်(က)၊ (ခ) ၊(ဂ)နှင့် (ဃ) တို့သည် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ဆန်စက်လုပ်ငန်းကဏ္ဍ၊ ဆန်စပါးကုန်သွယ်မှုကဏ္ဍတို့တွင် ကိုယ်စားပြုဖွဲ့စည်းထားသောအသင်းများ၏ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသင်းများ၏ဥက္ကဋ္ဌများကိုသာ အလိုအလျောက် အလုပ်အမှုဆောင်ကော်မတီဝင်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။

အလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်ကို အခန်း(၅)တွင် ဖော်ပြထားသည်။ အသင်းချုပ်မှ တာဝန်ပေးအပ်သော ရွေးချယ်တင်မြှောက်ရေးကော်မရှင်သည် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ဆန်စက်လုပ်ငန်းကဏ္ဍ၊ ဆန်စပါးကုန်သွယ်မှုကဏ္ဍ အသီးသီးမှ အရေအတွက်တူညီစွာဖြင့် ကိုယ်စားပြုပါဝင်နိုင်ရေး အတွက် ညှိနှိုင်းသတ်မှတ်မှုများပြုလုပ်ပြီး လိုအပ်သောစည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်သည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

၇။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို (၇၅) ဦး ထက်မပိုသော အရေအတွက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ကိုယ်စားပြုသော အသင်းများ၏ဥက္ကဋ္ဌများ နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသောတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏အသင်းဥက္ကဋ္ဌများ ပါဝင်သည့် (၁၅)ဦးထက် မပိုသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ။

(ခ) ဆန်စက်လုပ်ငန်းကဏ္ဍကို ကိုယ်စားပြုသော အသင်းများ၏ ဥက္ကဋ္ဌများ နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသောတိုင်းဒေသကြီးနှင့်ပြည်နယ်များ၏အသင်းဥက္ကဋ္ဌများ ပါဝင်သည့်(၁၅) ဦးထက်မပိုသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ။

(ဂ) ဆန်စပါးကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသော အသင်းများ၏ဥက္ကဋ္ဌများ နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသော တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏အသင်းဥက္ကဋ္ဌများပါဝင်သည့် (၁၅) ဦးထက်မပိုသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ။

(ဃ) ဆန်စပါးလုပ်ငန်းနှင့်ဆက်စပ်လုပ်ကိုင်နေသော ညီနောင်အသင်းများ၏ဥက္ကဋ္ဌများပါဝင်သည့် ( ၁၅ ) ဦးထက် မပိုသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ။

(င) အထွေထွေညီလာခံမှ အလုပ်အမှုဆောင်ကော်မတီဝင်များအနက်မှ မဲပေးရွေးချယ်သည့် ( ၁၅ ) ဦးထက် မပိုသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ။

(စ) အထက်အပိုဒ်(က)၊ (ခ) ၊ (ဂ)နှင့် (ဃ) တို့သည် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ဆန်စက်လုပ်ငန်း ကဏ္ဍ၊ ဆန်စပါးကုန်သွယ်မှုကဏ္ဍတို့တွင် ကိုယ်စားပြုဖွဲ့စည်းထားသော အသင်းများ၏ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီက သက်ဆိုင်ရာကဏ္ဍအတွက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ ရွေးချယ်ပေးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အသင်းများ၏ ဥက္ကဋ္ဌများကိုသာ အလိုအလျောက် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များအဖြစ် သတ်မှတ်ကြရန်ဖြစ်ပါသည်။ ကျန်ရှိသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များကို အလုပ်အမှုဆောင်များအနက်မှ အထွေထွေညီလာခံကိုယ်စားလှယ်များမှ မဲပေးရွေးချယ်ရမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက်ကို အခန်း(၅)တွင် ဖော်ပြထားသည်။ အသင်းချုပ်မှ တာဝန်ပေးအပ်သော ရွေးချယ်တင်မြှောက်ရေးကော်မရှင်သည် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ဆန်စက်လုပ်ငန်းကဏ္ဍ၊ ဆန်စပါးကုန်သွယ်မှုကဏ္ဍ အသီးသီးမှ အရေအတွက်တူညီစွာဖြင့် ကိုယ်စားပြုပါဝင်နိုင်ရေးအတွက် ညှိနှိုင်းသတ်မှတ်မှုများပြုလုပ်ပြီး လိုအပ်သော စည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်သည်။

**စီမံခန့်ခွဲရေးကော်မတီ**

၈။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်ပြီးပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီက ချမှတ်သော လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ ဆန်စက်လုပ်ငန်းကဏ္ဍ၊ ဆန်စပါးကုန်သွယ်မှုကဏ္ဍ စသည့် ညီနောင်အသင်းများ၏ ဗဟို ဥက္ကဋ္ဌများသည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စီမံခန့်ခွဲရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌများအဖြစ် အလိုအလျောက်ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ အသင်း(၃)သင်းမှ ဥက္ကဋ္ဌများသည် အသင်းချုပ်တွင် အလိုအလျောက် ဒုဥက္ကဋ္ဌ ဖြစ်လာပြီး အသင်းချုပ် ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခံရပါက လစ်လပ်သွားသော ဒုတိယဥက္ကဋ္ဌ နေရာအတွက် မူလစေလွှတ်သောအသင်းမှ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူမည့် ပုဂ္ဂိုလ်အား ဖြည့်စွက် တာဝန်ယူစေရန်။ အသင်းချုပ်တွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါ မူလအသင်းဥက္ကဋ္ဌတာဝန်အား ထမ်းဆောင်ခြင်း မပြုစေရန်။ ကျန်ရာထူးတာဝန်များအား ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များထဲမှ အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

| | | |
|---|---|---|
| (ကက) ဥက္ကဋ္ဌ | (၁) ဦး | |
| (ခခ ) ဒုတိယဥက္ကဋ္ဌ | (၄) ဦးမှ | (၇) ဦး ထိ |
| (ဂဂ ) အထွေထွေအတွင်းရေးမှူး | (၁) ဦး | |

(ဃဃ) တွဲဖက်အထွေထွေအတွင်းရေးမှူး (၄) ဦးမှ (၇) ဦး ထိ

(ငင ) ဘဏ္ဍာရေးမှူး (၁) ဦးမှ (၃) ဦး ထိ

(စစ ) စာရင်းစစ် (၁) ဦးမှ (၃) ဦး ထိ

စီမံခန့်ခွဲရေး ကော်မတီကို ဦးဆောင်မည့် ဉက္ကဋ္ဌ၊ ဒုတိယဉက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူးတို့သည် သက်ဆိုင်ရာတာဝန်များကို သက်တမ်းကာလ (၂)ကြိမ်၊ (၆)နှစ်အထိသာ ဆက်တိုက်ရွေးချယ်တင်မြှောက်ခံနိုင်ခွင့်ရှိသည်။

**<u>လစ်လပ်သည့်ကိုယ်စားလှယ်နေရာအားအစားထိုးရွေးချယ်ခြင်း</u>**

9/ u@tvu ta&;cs,cxm;&aom u,pm;v,wp0;0;on taBumi;trsK;rsK;aBumi wm0exr;aqmieijci; r&awmygu ouqi&mu@taejzi prceca&;aumrwEi nEi;í jyevna&;cs,jznwi;ay;&rn/

**အမြဲတမ်းနှင့် လုပ်ငန်းကော်မတီများ**

၁၀။ အသင်းချုပ်၏ ရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်အောက်ဖော်ပြပါ အမြဲတမ်းကော်မတီများကို အထွေထွေညီလာခံကိုယ်စားလှယ်များ ၊ အလုပ်အမှုဆောင်များ ၊ ဗဟိုအလုပ်အမှုဆောင် များအား ပါဝင်စေလျှက် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးရမည်-

(က) အသင်းသားရေးရာကော်မတီ

(ခ ) သုတေသနနှင့် ဖွံ့ဖြိုးရေးရာကော်မတီ

(ဂ ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကော်မတီ

(ဃ) တောင်သူလယ်သမားရေးရာကော်မတီ

(င ) အငြင်းပွားမှု ဖြန်ဖြေရေးကော်မတီ

(စ ) ရုံပုံငွေ ရှာဖွေရေးကော်မတီ

၁၁။ အသင်းချုပ်သည် လိုအပ်ပါက ရေးရာနှင့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

# အခန်း(၅)
# အရည်အချင်းသတ်မှတ်ချက်များ

### နာယက အရည်အချင်းသတ်မှတ်ချက်များ

၁။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသော ဂုဏ်သိက္ခာ ကြီးမားပြီး ထင်ရှားကျော်ကြားသူ ပုဂ္ဂိုလ်များအား အသင်းချုပ်၏နာယကများအဖြစ် တင်မြှောက်နိုင်သည်-

(က) အသက်(၄၅)နှစ်ပြည့်ပြီးသူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ) စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ပြည်တွင်းပြည်ပရောင်းဝယ်ရေးစသော ဆန်စပါးလုပ်ငန်းတစ်ရပ်ရပ်တွင် အနည်းဆုံး(၁၀)နှစ်လုပ်ကိုင်ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) နိုင်ငံတော်အစိုးရဌာနတစ်ခုခုတွင် ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူးအဆင့်ထက် မနိမ့်သော ရာထူးတာဝန်မှ အငြိမ်းစား ယူထားသူ(သို့မဟုတ်)ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့တစ်ခုတွင် ဥက္ကဋ္ဌ/အတွင်းရေးမှူး ရာထူးတာဝန်ကို အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်ခဲ့သူ၊

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီက ပြဋ္ဌာန်းသောအခြားသတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသူ၊

### အကြံပေးပုဂ္ဂိုလ်များ၏ အရည်အချင်းသတ်မှတ်ချက်များ

၂။ အသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရည်ရွယ်ချက်များ၊ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အတွက်အကြံဉာဏ်ကောင်းများပေးနိုင်ရန် အလို့ငှာ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများအား အကြံပေး ပုဂ္ဂိုလ်များအဖြစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ရွေးချယ်မှုဖြင့်ခန့်အပ်တာဝန်ပေးနိုင်သည်-

(က) ပြည်တွင်း၊ ပြည်ပအတွေ့အကြုံ ကြွယ်ဝသူ၊ ဆန်စပါးဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်သော ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သူ၊

(ခ) နိုင်ငံတော်အစိုးရဌာနများတွင် အနည်းဆုံးညွှန်ကြားရေးမှူးအဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ရွေးချယ်တာဝန်ပေးသူ၊

(ဂ) ပြည်ပနိုင်ငံသားဖြစ်ပါက မြန်မာနိုင်ငံတော်အကျိုးစီးပွားကို မြန်မာနိုင်ငံသားတစ်ဦးကဲ့သို့သစ္စာ ရှိစွာဖြင့် ဖော်ဆောင်အကျိုးပြုနိုင်သူဟူ၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီက ယုံကြည်သူ၊

### အထွေထွေညီလာခံကိုယ်စားလှယ် အရည်အချင်းသတ်မှတ်ချက်များ

၃။ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူသည် အထွေထွေညီလာခံကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံခွင့်ရှိသည်-

(က) အသက် (၂၅) နှစ် ပြည့်ပြီးသူ၊

(ခ ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ဂ ) စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ပြည်တွင်းပြည်ပရောင်းဝယ်ရေးစသော ဆန်စပါးလုပ်ငန်းတစ်ရပ်ရပ်တွင် အနည်းဆုံး(၂)နှစ်လုပ်ကိုင်ဆောင်ရွက်ခဲ့သူ၊

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြဋ္ဌာန်းသော အခြားသတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသူ၊

**အလုပ်အမှုဆောင်ကော်မတီဝင်၏ အရည်အချင်းသတ်မှတ်ချက်များ**

၄။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

(က) အသက်၂၅ နှစ် ပြည့်ပြီးသူ၊

(ခ ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ ) စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ပြည်တွင်း ပြည်ပ ကုန်သွယ်ရေးစသော ဆန်စပါးစီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်တွင် အနည်းဆုံး(၃)နှစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) ဆန်စပါးဆိုင်ရာအသင်းအဖွဲ့တစ်ခုတွင် အလုပ်အမှုဆောင်အဖြစ် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ၊

(ဃ) သက်ဆိုင်ရာ ကုမ္ပဏီ/ လုပ်ငန်းအဖွဲ့အစည်းများတွင် လုပ်ငန်းရှင် (သို့မဟုတ်) ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ရမည်။

(င ) ဗဟိုအလုပ်အမှုဆောင်ကော်မတီက ပြဋ္ဌာန်းသော အခြားသတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၏ အရည်အချင်းသတ်မှတ်ချက်များ**

၅။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

(က) အသက် (၂၅) နှစ် ပြည့်ပြီးသူ၊

(ခ ) နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ ) စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ပြည်တွင်း ပြည်ပ ကုန်သွယ်ရေးစသော ဆန်စပါးစီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်တွင် အနည်းဆုံး(၄)နှစ်လုပ်ကိုင်ဆောင်ရွက်ခဲ့သူ (သို့မဟုတ်) ဆန်စပါးဆိုင်ရာအသင်းအဖွဲ့တစ်ခုတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ၊

(ဃ) သက်ဆိုင်ရာကုမ္ပဏီ/လုပ်ငန်းအဖွဲ့အစည်းများတွင် လုပ်ငန်းရှင် (သို့မဟုတ်) ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ရမည်။

(င ) ဗဟိုအလုပ်အမှုဆောင်ကော်မတီကပြဋ္ဌာန်းသော အခြားသတ်မှတ်ထားသည့်အရည်အချင်းများနှင့် ပြည့်စုံသူ၊

**စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်၏ အရည်အချင်းသတ်မှတ်ချက်များ**

၆။ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်-

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူ၊

(ခ) ဉာဏ်ပညာ၊ အရည်အချင်းနှင့် ပြည့်စုံပြီး ပြည်တွင်းပြည်ပအတွေ့အကြုံကြွယ်ဝသူ၊

(ဂ) ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေများတွင် အတွေ့အကြုံရှိပြီးကျွမ်းကျင်နှံ့စပ်သူ၊

(ဃ) နိုင်ငံတကာစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေများတွင် အတွေ့အကြုံရှိပြီး ကျွမ်းကျင်နှံ့စပ်သူ၊

(င) နိုင်ငံတကာနှင့် ဆက်သွယ်ပြောဆိုဆောင်ရွက်နိုင်ပြီး စနစ်တကျ ရှုံးဖွဲ့စည်းမှုရှိသူ၊

(စ) တာဝန်ပေးအပ်ပါက စိတ်ဝင်စားစွာဖြင့် တာဝန်ထမ်းဆောင်နိုင်သူ၊

(ဆ) အများယုံကြည်လေးစားမှု ခံရသူ၊

(ဇ) အသင်း၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဦးဆောင်ပေးနိုင်သူ၊

# အခန်း(၆)
# ရွေးချယ်တင်မြှောက်ခြင်း

### ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ အသင်းချုပ်ဥက္ကဋ္ဌသည် စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ရွေးချယ်တင်မြှောက်ရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး (၅)ဦးကို ရွေးချယ်ခံရန် အမည်စာရင်းတင်သွင်းမှု မပြုသူများဖြင့် ဖွဲ့စည်းရမည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သိက္ခာသမာဓိနှင့် ပြည့်စုံပြီးအတွေ့အကြုံ ရင့်ကျက်သူ၊ အသင်းချုပ်နှင့် ဆန်စပါးလုပ်ငန်းအပေါ် သစ္စာရှိသူ ဖြစ်ရမည်။

### ရွေးချယ်တင်မြှောက်ရေးကော်မရှင်၏လုပ်ငန်းတာဝန်များ

၂။ ရွေးချယ်တင်မြှောက်ရေး ကော်မရှင်သည် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရမည်။

(က) ရွေးချယ်တင်မြှောက်ရေးကော်မရှင်သည် ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာကိစ္စအဝဝတို့ကို စနစ်တကျပြီးမြောက်ရန် ကြိုတင်စီစဉ်မှုများ ပြုလုပ်ခြင်း၊

(ခ ) ရွေးချယ်တင်မြှောက်ပွဲ အမည်တင်သွင်းလွှာပုံစံနှင့် အမည်စာရင်းများကို စီစစ်ခြင်း၊

(ဂ ) မဲပေးနည်းစနစ်များကို ရှင်းလင်းတင်ပြခြင်း၊ (လျှို့ဝှက်/ လက်ထောင်/ အဆိုတင်-ထောက်ခံ)

(ဃ) ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းများကို ကြေညာခြင်း။

(င ) (ဥက္ကဋ္ဌ/ ဒုတိယဥက္ကဋ္ဌ/ အထွေထွေအတွင်းရေးမှူး/ တွဲဖက်အထွေထွေအတွင်းရေးမှူး/ ဘဏ္ဍာရေးမှူး/ စာရင်းစစ်) စသည့် တာဝန်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် အမည်စာရင်းများကို ကြေညာခြင်း၊

### အလိုအလျောက်ပါဝင်ရန် သတ်မှတ်ချက်များအပေါ် ဆောင်ရွက်ခြင်း

၃။ ရွေးချယ်တင်မြှောက်ရေးကော်မရှင်သည် အသင်းချုပ်၏အထွေထွေညီလာခံနှင့် ကော်မတီများတွင် ရွေးချယ်တင်မြှောက်ခြင်းမပာုတ်ဘဲ အလိုအလျောက်ပါဝင်ရန် သတ်မှတ်မှုများကို အောက်ပါအတိုင်းဆောင်ရွက်မည်။

(က) ဤဖွဲ့စည်းပုံ၊ သင်းဖွဲ့မှတ်တမ်းစည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ခြင်း။

(ခ) သက်တမ်းမကုန်ဆုံးမီ တည်ရှိသော ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် လိုအပ်ပါက ဤဖွဲ့စည်းပုံပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်ဘဲ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

# အခန်း(၇)

# တာဝန်နှင့် လုပ်ပိုင်ခွင့်များ

**အသင်းချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁။ အသင်းချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသင်းချုပ်၏ အဓိကတာဝန်မှာ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်များနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများကို အကြံပေးခြင်း၊ မူဝါဒဆိုင်ရာ အကြံပြုချက်များ၊ သုံးသပ်ချက်များကို ပြုစုတင်ပြခြင်းနှင့် ဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်။

(ခ ) အသင်းချုပ်သည် ဆန်စပါးဆိုင်ရာအသင်းများကို ဦးဆောင်မှုပြုရမည်။

(ဂ ) အသင်းချုပ်သည် မြန်မာနိုင်ငံ၏ ဆန်စပါးလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ရှိသည်။

(ဃ ) အသင်းချုပ်သည် လိုအပ်ပါက ပြည်တွင်းပြည်ပနေရာအသီးသီး၌ရုံးခွဲများ ဖွင့်လှစ်ပြီး အသင်းချုပ်၏ ရည်ရွယ်ချက်များအောင်မြင်စေရန် ဆောင်ရွက်ရမည်။

(င ) အသင်းချုပ်သည် ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်းများပြုလုပ်ရမည်။

(စ ) အသင်းချုပ်သည်ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ပြဋ္ဌာန်းသောစည်းကမ်းချက်များ၊ ဆုံးဖြတ်ချက်များနှင့် ညွှန်ကြားချက်များကို ခိုင်လုံသော အကြောင်းတစ်စုံတရာမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အသင်းဝင်များကို သတိပေးခြင်း၊ ဒဏ်တပ်ခြင်း၊ အသင်းချုပ်အသင်းဝင်အဖြစ်မှ ရပ်စဲခြင်း၊ အမည်ပျက်စာရင်းရေးသွင်းရန် နိုင်ငံတော်သို့ တင်ပြခြင်းစသော အရေးယူမှုကို ပြုလုပ်နိုင်သည်။ အသင်းဝင်တစ်ဦးဦးအား အမည်ပျက်စာရင်းရေးသွင်းရန် နိုင်ငံတော်သို့ တင်ပြခြင်းကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် အထူးအရေးပေါ် အထွေထွေညီလာခံခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူဆောင်ရွက်ရမည်။

**အသင်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂။ အသင်းချုပ်တွင် အသင်းဝင်အဖြစ်ပါဝင်သော ဆန်စပါးဆိုင်ရာ အသင်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသင်းချုပ်တွင် အသင်းဝင်အဖြစ်ပါဝင်သော ဆန်စပါးဆိုင်ရာအသင်းများသည် သက်ဆိုင်ရာဆန်စပါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ရမည်။

(ခ ) အသင်းချုပ်၏တာဝန်ပေးမှုဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအသင်း၏ သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင် ဖော်ပြပါရှိသောရည်ရွယ်ချက်များ အောင်မြင်အထမြောက်စေရန်ဖြစ်စေ ဆောင်ရွက်သောလုပ်ငန်းများသည်အသင်းချုပ်၏သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းတွင်ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) အသင်းချုပ်တွင် အသင်းဝင်ထားသော ဆန်စပါးဆိုင်ရာအသင်းများသည် ၎င်းတို့၏သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများကို ပြင်ဆင်ရာတွင်ဖြစ်စေ၊ ဖြည့်စွက်ရာတွင်ဖြစ်စေ အသင်းချုပ်သို့ အသိပေးညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) အသင်းချုပ်သည် အသင်းများ၏ စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ပြုပြင်သိုလှောင်ရေး၊ ပြည်တွင်းပြည်ပ တင်ပို့ရောင်းချရေးတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(င) အသင်းအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(စ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် ဒေသများရှိ ဆန်စပါးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် တိုးတက်ဖွံ့ဖြိုးရေးကို ကူညီဆောင်ရွက်မည်။

**အသင်းချုပ်နှင့် ဆန်စပါးလုပ်ငန်းဆိုင်ရာ အသင်းများ၏ စုပေါင်းဆောင်ရွက်မှုများ**

၃။ ဆန်စပါးလုပ်ငန်းသည် စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ပြုပြင်ရေး၊ သိုလှောင်ရေး၊ ရောင်းဝယ်ရေးစသော အစိတ်အပိုင်းကြီးများဖြင့် ဖွဲ့စည်းပါဝင်လျက်ရှိရာ၊ တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် အသင်းချုပ်၏ဦးဆောင်မှု၊ ဆန်စပါးလုပ်ငန်းဆိုင်ရာအသင်းများ၏ စုပေါင်းပါဝင်မှုတို့ဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားရမည်။

**အထွေထွေညီလာခံကိုယ်စားလှယ်များ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ အထွေထွေညီလာခံကိုယ်စားလှယ်များသည်-

(က) အသင်းချုပ်အပေါ်တွင် သစ္စာစောင့်သိရိုသေရမည်။

(ခ) အသင်းချုပ်၏သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာရမည်။

(ဂ) မြန်မာနိုင်ငံ၏ဆန်စပါးလုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ဃ) ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေနိုင်သော အပြုသဘောဆောင်သည့် ဆွေးနွေးမှု၊ အကြံပြုမှု၊ ဝေဖန်ဆန်းစစ်မှု၊ အဆိုပြုမှုတို့ကို အထွေထွေညီလာခံအစည်းအဝေးများတွင် ပြုလုပ်နိုင်သည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့မှ ဆုံးဖြတ်ဆောင်ရွက်ပြီးသော ကိစ္စရပ်များ၊ ဆောင်ရွက်ရန်ရှိသောကိစ္စရပ်များနှင့် ဆောင်ရွက်နေဆဲကိစ္စများနှင့် ပတ်သက်၍ အထွေထွေညီလာခံမှ တိကျရှင်းလင်းစွာသိရှိနိုင်ရေးအတွက်စုံစမ်းမေးမြန်းမှုများကို အထွေထွေညီလာခံအစည်းအဝေးများတွင် ပြုလုပ်နိုင်သည်။

**အလုပ်အမှုဆောင်များ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ အလုပ်အမှုဆောင်ကိုယ်စားလှယ်များသည်

(က) အသင်းချုပ်အပေါ်တွင် သစ္စာစောင့်သိရိုသေရမည်။

(ခ) အသင်းချုပ်၏သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင်ဖော်ပြ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရမည်။

(ဂ) မြန်မာနိုင်ငံ၏ဆန်စပါးလုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ဃ) အစည်းအဝေးများတွင် အချိန်ပေးတက်ရောက်ရမည်။ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို (၃)ကြိမ်တိုင်တိုင် ခွင့်ဖြင့် ဆက်တိုက်ပျက်ကွက်လျှင်သော်လည်းကောင်း၊ သက်တမ်းကာလတွင် (၆)ကြိမ်တိုင်တိုင် ခွင့်မဲ့ပျက်ကွက်လျှင်သော်လည်းကောင်း၊ အလုပ်အမှုဆောင်တာဝန်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) အသင်းချုပ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ထမြောက်အောင်မြင်စေရန် လိုအပ်သလို ပူးပေါင်းပါဝင် ကြိုးကြပ်ဆောင်ရွက်ရမည်။

(စ) အသင်းချုပ်မှ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

**ဇဟိုအလုပ်အမှုဆောင်များ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ဗဟိုအလုပ်အမှုဆောင်ကိုယ်စားလှယ်များသည်

(က) အသင်းချုပ်အပေါ်တွင် သစ္စာစောင့်သိရှိသေရမည်။

(ခ) အသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင် ဖော်ပြပြဌာန်းချက်များကို တိကျစွာလိုက်နာရမည်။

(ဂ) မြန်မာနိုင်ငံ၏ဆန်စပါးလုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ဃ) အစည်းအဝေးများတွင် အချိန်ပေးတက်ရောက်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို (၃)ကြိမ်တိုင်တိုင်ခွင့်ဖြင့် ဆက်တိုက်ပျက်ကွက်လျှင်သော်လည်းကောင်း၊ သက်တမ်းကာလတွင် (၆)ကြိမ်တိုင်တိုင် ခွင့်မဲ့ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်တာဝန်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) သက်ဆိုင်ရာ ကုမ္ပဏီ/ လုပ်ငန်းအဖွဲ့အစည်းများတွင် လုပ်ငန်းရှင် (သို့မဟုတ်) ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ရမည်။

(စ) အသင်းချုပ်မှ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

**စီမံခန့်ခွဲရေးကော်မတီဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ စီမံခန့်ခွဲရေးကော်မတီဝင်များသည်

(က) အသင်းချုပ်အပေါ်တွင် သစ္စာစောင့်သိရှိသေရမည်။

(ခ) အသင်းချုပ်၏သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင်ဖော်ပြပါ ပြဌာန်းချက်များကို တိကျစွာလိုက်နာရမည်။

(ဂ) မြန်မာနိုင်ငံ၏ဆန်စပါးလုပ်ငန်းကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ဃ) အလုပ်အမှုဆောင်/ ဗဟိုအလုပ်အမှုဆောင် အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

(င) နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပြီး စနစ်တကျ ရုံးဖွဲ့စည်းမှု ရှိသူဖြစ်ရမည်။

# အခန်း(၈)
# အထွေထွေညီလာခံနှင့် အစည်းအဝေးများ ကျင်းပခြင်း

**နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပခြင်း**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ခေါ်ယူကျင်းပရန်နှင့် ၎င်းနှစ်ပတ်လည်အစည်းအဝေးသို့ အသင်းဝင်များ ပါဝင်တက်ရောက်စေရန် စီစဉ်ဆောင်ရွက်ရမည်။ အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသည် တစ်ကြိမ်နှင့် တစ်ကြိမ်အကြား (၁၅) လထက် မပိုစေရ။ ၎င်းနှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြု မှတ်တမ်းတင်ရမည်။

**အထွေထွေညီလာခံကျင်းပခြင်း**

၂။ အထွေထွေညီလာခံ၏ပထမဦးဆုံးသောအစည်းအဝေးကို ရွေးချယ်တင်မြှောက်ပွဲဆောင်ရွက်သောနေ့ (သို့မဟုတ်) ယင်းနေ့မှစ၍ (၁၅)ရက်အတွင်းကျင်းပရမည်။ အထွေထွေညီလာခံပုံမှန်အစည်းအဝေးများကို (၁)နှစ်လျှင်တစ်ကြိမ် အသင်းချုပ်ဥက္ကဋ္ဌကခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြားအရှည်ကြာဆုံးကာလသည်(၁)နှစ်ထက်မပိုစေရ။ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိလာပါက အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးကို အသင်းချုပ်ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်နိုင်သည်။

အထွေထွေညီလာခံအစည်းအဝေးခေါ်ယူ ကျင်းပပေးရန် အထွေထွေညီလာခံကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံကတောင်းဆိုလျှင်သော်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ စုစုပေါင်းဦးရေအနက် အနည်းဆုံးတစ်ဝက်ကတောင်းဆိုလျှင်သော်လည်းကောင်း အသင်းချုပ်ဥက္ကဋ္ဌသည် အထူးအစည်းအဝေးကို (၁၄)ရက်အတွင်း အမြန်ဆုံးခေါ်ယူကျင်းပရမည်။

အထွေထွေညီလာခံအစည်းအဝေးခေါ်ယူကျင်းပရာတွင် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။ ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးတွင် ကိုယ်စားလှယ်စုစုပေါင်း ဦးရေ၏အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

**အလုပ်အမှုဆောင်အစည်းအဝေးကျင်းပခြင်း**

၃။ အလုပ်အမှုဆောင်ပုံမှန်အစည်းအဝေးများကို (၆)လလျှင် တစ်ကြိမ်အသင်းချုပ် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အနည်းဆုံး အရှည်ကြာဆုံးကာလသည် (၆)လထက် မပိုစေရ။ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိလာပါက အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေးကို အသင်းချုပ်ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်နိုင်သည်။

အလုပ်အမှုဆောင် အစည်းအဝေးခေါ်ယူပေးရန် ဗဟိုအလုပ်အမှုဆောင် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံက တောင်းဆိုလျှင်သော်လည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် စုစုပေါင်းဦးရေအနက် အနည်းဆုံးတစ်ဝက်ကတောင်းဆိုလျှင်သော်လည်းကောင်း အသင်းချုပ်ဥက္ကဋ္ဌသည် အထူးအစည်းအဝေးကို (၇)ရက်အတွင်း အမြန်ဆုံးခေါ်ယူကျင်းပရမည်။

**ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကျင်းပခြင်း**

၄။ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးများကို (၃)လလျှင် တစ်ကြိမ် အသင်းချုပ် ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အနည်းဆုံး အရှည်ကြာဆုံးကာလသည် (၃)လထက်မပိုစေရ။ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိလာပါက အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို အသင်းချုပ်ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်နိုင်သည်။

ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးခေါ်ယူပေးရန် ဗဟိုအလုပ်အမှုဆောင်စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံက တောင်းဆိုလျှင်သော်လည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်စုစုပေါင်းဦးရေအနက် အနည်းဆုံးတစ်ဝက်ကတောင်းဆိုလျှင်သော်လည်းကောင်း အသင်းချုပ်ဥက္ကဋ္ဌသည် အထူးအစည်းအဝေးကို (၇)ရက်အတွင်း အမြန်ဆုံးခေါ်ယူကျင်းပရမည်။

**စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကျင်းပခြင်း**

၅။ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများကို (၂)လလျှင် တစ်ကြိမ် အသင်းချုပ်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အနည်းဆုံး အရှည်ကြာဆုံး ကာလသည် (၂)လထက်မပိုစေရ။ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိလာပါက အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို အသင်းချုပ်ဥက္ကဋ္ဌမှ ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်နိုင်သည်။

စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးခေါ်ယူပေးရန် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်က တောင်းဆိုလျှင် အသင်းချုပ်ဥက္ကဋ္ဌသည် အထူးအစည်းအဝေးကို (၇)ရက်အတွင်း အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

**အရေးပေါ်အစည်းအဝေးကျင်းပခြင်း**

၆။ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများက အစည်းအဝေးခေါ်ယူ ကျင်းပရန် ညွှန်ကြားခဲ့လျှင်သော်လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီက ဆုံးဖြတ်ခဲ့လျှင်သော်လည်းကောင်း အရေးပေါ်အစည်းအဝေးခေါ်ယူ ကျင်းပရမည်။

**အစည်းအဝေးဖိတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း**

၇။ အထူးအစည်းအဝေးများနှင့် အရေးပေါ်အစည်းအဝေးများမှလွဲ၍ ကျန်ပုံမှန်ကျင်းပသော အစည်းအဝေးများအတွက် ဖိတ်ကြားရာတွင် ဖိတ်ကြားလွှာကို အနည်းဆုံး(၃)ရက် ကြိုတင်ဖိတ်ကြားရမည်။ အစည်းအဝေးဖိတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို အတွင်းရေးမှူးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရုံးအဖွဲ့မှတာဝန်ယူဆောင်ရွက်ရမည်။ အသင်းချုပ်အသင်းဝင်များနှင့် အများပြည်သူများသိရှိနိုင်ရန် ထုတ်ပြန်သင့်သောဆုံးဖြတ်ချက်များ၊ မှတ်တမ်းများကို စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုသဘောတူညီချက်ဖြင့် ထုတ်ပြန်ခြင်းပြုရမည်။

**အထူးဧည့်သည်တော်များဖိတ်ကြားခြင်း**

၈။ အသင်းချုပ်၏အစည်းအဝေးများတွင် လေ့လာနိုင်ရန်အတွက်ဖြစ်စေ၊ ဝင်ရောက်အကြံပြုဆွေးနွေးနိုင်ရန်အတွက်ဖြစ်စေ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထူးဧည့်သည်တော်များကို ဖိတ်ကြားတက်ရောက်စေနိုင်သည်။

# အခန်း (၉)
# အသင်းချုပ်၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ

**ရံပုံငွေစီမံခန့်ခွဲဆောင်ရွက်ခြင်း**

၁။ အသင်းချုပ်သည် ပြည်တွင်းသုံးငွေ/ နိုင်ငံခြားသုံးငွေတို့ကို ဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး အသင်း၏ ဝင်ငွေ/အသုံးစရိတ်ကို နှစ်စဉ်ရေးဆွဲဆောင်ရွက်သွားရမည်။ ပုဂ္ဂလိက ထည့်ဝင်ငွေတို့ဖြင့် ရံပုံငွေ တစ်ရပ် ထူထောင်ထားရှိရမည်။

**ငွေကြေးအရ/ အသုံးစာရင်းရှင်းတမ်းများ ထားရှိခြင်း**

၂။ (က) အသင်းချုပ်နှင့် ဖွဲ့စည်းထားသော အသင်းအဆင့်ဆင့်သည် ရငွေ၊ သုံးငွေဆိုင်ရာ ငွေစာရင်းများ ထားရှိခြင်းတို့ကို တည်ဆဲအသင်းအဖွဲ့များဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ ) အသင်းချုပ်နှင့် ဖွဲ့စည်းထားသော အသင်းအဆင့်ဆင့်သည် ရံပုံငွေကို ဘဏ်တွင် သီးခြားငွေ စာရင်း ဖွင့်လှစ်ရမည်။

(ဂ ) အသင်းချုပ်နှင့် ဖွဲ့စည်းထားသော အသင်းအဆင့်ဆင့်များတွင် ပါဝင်သောအဖွဲ့ဝင်များသည် အစည်းအဝေးများ တက်ရောက်ခြင်း၊ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်းတို့အတွက် အသင်းချုပ်က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

**စာရင်းစစ်ဆေးမှုဆောင်ရွက်ခြင်း**

၃။ အသင်းချုပ်နှင့် ဖွဲ့စည်းထားသော အသင်းအဆင့်ဆင့်သည် ရငွေ၊ သုံးငွေဆိုင်ရာ စာရင်းစစ်ဆေးမှုများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း အစိုးရအသိအမှတ်ပြု စာရင်းစစ်အဖွဲ့တစ်ခုခုဖြင့် စစ်ဆေးမှုခံယူရမည်။ ဘဏ္ဍာရေး အစီရင်ခံစာအား အထွေထွေညီလာခံတွင် ရှင်းလင်းတင်ပြရမည်။

# အခန်း(၁၀)

# သင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း

**အထွေထွေညီလာခံတွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် အတည်ပြုခြင်း**

၁။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးနှင့် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတို့မှ သဘောတူညီဆုံးဖြတ်ပြီး သင်းဖွဲ့မှတ်တမ်းနှင့် စည်းမျဉ်းများအနက်မှ ပြင်ဆင်လိုသော (သို့မဟုတ်) ဖြည့်စွက်လိုသော အကြောင်းအရာကို အထမြောက်သော အထွေထွေညီလာခံ အစည်းအဝေးတွင် တက်ရောက်သော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ သုံးပုံနှစ်ပုံမှ သဘောတူညီပါက ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းကို ပြုလုပ်နိုင်သည်။ သင်းဖွဲ့စည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရမည်။

# အခန်း(၁၁)
# အသင်းချုပ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း

**အသင်းချုပ် ဖျက်သိမ်းခြင်း**

၁။ အသင်းချုပ် ဖျက်သိမ်းခြင်းကို အလုပ်အမှုဆောင်ကော်မတီ စုစုပေါင်းအရေအတွက်၏ အနည်းဆုံး သုံးပုံနှစ်ပုံမှ သဘောတူဆုံးဖြတ်ပြီး အထွေထွေညီလာခံ ကိုယ်စားလှယ်များ၏ အနည်းဆုံး သုံးပုံနှစ်ပုံ၏ သဘောတူဆုံးဖြတ်ချက်ဖြင့်သာ ဖျက်သိမ်းခြင်းကို ပြင်ဆင်ဆောင်ရွက်ရန်နှင့် အသင်းသားစုံညီ အထူးအစည်းအဝေးခေါ်ယူကျင်းပ အတည်ပြုချက်ရယူပြီး စနစ်တကျစာရင်းရှင်းလင်းဆောင်ရွက်ရမည်။

**စာရင်းရှင်းလင်းခြင်း**

၂။ အသင်းချုပ် ဖျက်သိမ်းသည့်အခါဖြစ်စေ၊ မဖျက်သိမ်းမီဖြစ်စေ ပေးလျော်ရန်ရှိသော ကြွေးမြီအားလုံးကို ရှင်းလင်းပြီးနောက် အသင်းပိုင်ပစ္စည်းတစ်စုံတစ်ရာ ကျန်ရှိသေးလျှင် ယင်းသို့ကျန်ရှိသော ပစ္စည်းများကို အသင်းသားများအား ခွဲဝေ၊ ဝေငှ၊ ပေးကမ်းလွှဲပြောင်းခြင်းမပြုဘဲ အသင်းချုပ်နှင့် ရည်ရွယ်ချက်ခြင်းတူညီသော အခြားအဖွဲ့အစည်းအား လွှဲပြောင်းလှူဒါန်းရမည်။ထိုသို့ ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင် ထိုကိစ္စမျိုး၌ စီရင်ခွင့် အာဏာရှိသော တရားရုံးအမိန့်အရ လွှဲပြောင်းလှူဒါန်းရမည်။

# အခန်း(၁၂)
# စွပ်စွဲပြစ်တင်ခြင်း

**စွပ်စွဲပြစ်တင်ခြင်း**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေညီလာခံကိုယ်စားလှယ်တစ်ဦးဦးကိုဖြစ်စေ၊ အလုပ်အမှုဆောင် တစ်ဦးဦးကိုဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင် တစ်ဦးဦးကိုဖြစ်စေ၊ စီမံခန့်ခွဲရေးကော်မတီဝင် တစ်ဦးဦးကိုဖြစ်စေ ပေးအပ်ထားသောတာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိဟူ၍လည်းကောင်း၊ အသင်းချုပ်၏ရည်ရွယ်ချက်များကို သွေဖီဆောင်ရွက်သည်ဟူ၍လည်းကောင်း၊ အသင်းချုပ်၏စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည်ဟူ၍လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အရေအတွက်၏ (၅၀%)မှသော်လည်းကောင်း၊ အထွေထွေညီလာခံကိုယ်စားလှယ်အရေအတွက်၏ (၂၅%)မှ လည်းကောင်း လက်မှတ်ရေးထိုးတင်ပြပါက ယင်းကိစ္စရပ်ကို စွပ်စွဲပြစ်တင်ခြင်းအတွက် မဲခွဲဆုံးဖြတ်ရန် အထမြောက်သည်ဟူ၍ မှတ်ယူရမည်။ အဆိုပါ စွပ်စွဲပြစ်တင်ခြင်းကို အထွေထွေညီလာခံတွင်သာဆောင်ရွက်ရန်ဖြစ်သည်။ စွပ်စွဲ ပြစ်တင်ခြင်းခံရသူကို ထုချေရှင်းလင်းတင်ပြခွင့်ပြုရန် ခွင့်ပြုပေးရမည်။ သို့ရာတွင် စွပ်စွဲပြစ်တင်ခြင်းခံရသူသည် အထွေထွေညီလာခံတွင် လာရောက်ဖြေရှင်းရန် ပျက်ကွက်ပါက ၎င်း၏မျက်ကွယ်တွင် စွပ်စွဲပြစ်တင်ခြင်းကို ဆောင်ရွက်နိုင်သည်။ စွပ်စွဲပြစ်တင်ခြင်းအတွက် အထမြောက်သော အထွေထွေညီလာခံ၏ (၇၅%)သော ကိုယ်စားလှယ်များ၏ မဲဆန္ဒဖြင့် အတည်ပြုရမည်။

# အခန်း(၁၃)

# အထွေထွေ

**အသင်းချုပ်ရုံးခွဲများဖွင့်လှစ်ခြင်း**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် နိုင်ငံတော်အဆင့်အသင်းချုပ်ဖြစ်သည့်အလျောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ပြည်တွင်းပြည်ပတွင် အသင်းခွဲများနှင့် ရုံးခွဲများ ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခွင့်ရှိသည်။

**အသင်းချုပ်ဝန်ထမ်းများ ခန့်ထားခြင်း**

၂။ အသင်းချုပ်တွင် ရုံးလုပ်ငန်းတာဝန်များ စီမံခန့်ခွဲနိုင်ရေးအတွက် ဝန်ထမ်းများထားရှိပြီး အသင်းချုပ်ရုံးခွဲများ၊ အသင်းခွဲများတွင်လည်း လိုအပ်လျှင် ဝန်ထမ်းများထားရှိနိုင်သည်။

**အသင်းချုပ်ပိုင် အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်း**

၃။ အသင်းချုပ်ပိုင် အဆောက်အဦကို ကိုယ်ပိုင်ဆောက်လုပ်ခြင်းနှင့် ငှားရမ်းခြင်းတို့ကို ဘဏ္ဍာရေးအခြေအနေအပေါ် မူတည်၍ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အတည်ပြုချက်များဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

**ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ တက်ရောက်ခြင်း**

၄။ အသင်းချုပ်သည် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပတွင် ကျင်းပသော အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို အသင်းချုပ်မှ တာဝန်ပေးအပ်သူ အသင်းဝင်ကိုယ်စားလှယ်များမှ တက်ရောက်ရမည်။ အစည်းအဝေးများတက်ရောက်ခြင်းအတွက် လိုအပ်ပါက စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသင်းချုပ်မှ စရိတ်ကျခံပေးရမည်။

**ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေး သုတေသနနှင့် သင်တန်းများ ဆောင်ရွက်ခြင်း**

၅။ အသင်းချုပ်သည် ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် သုတေသနပြုလုပ်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ပညာပေးလုပ်ငန်းများကို သင့်လျော်သော အချိန်ကာလတွင် ဆောင်ရွက်လုပ်ပိုင်ခွင့်ရှိသည်။

**<u>ဖွဲ့စည်းပုံသင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများပြင်ဆင်ခြင်းဆိုင်ရာမှတ်တမ်း။</u>**

၆။ ဤသင်းဖွဲ့မှတ်တမ်း၊သင်းဖွဲ့စည်းမျဉ်းသည် မူလသင်းဖွဲ့မှတ်တမ်း၊သင်းဖွဲ့စည်းမျဉ်းများအပေါ်တွင် (၆. ၃. ၂၀၁၄) ၊ (၁၇. ၆. ၂၀၁၅) ၊ (၅. ၂. ၂၀၁၆) အစည်းအဝေးများဖြင့် ဖြည့်စွက်၊ ပြင်ဆင်ခြင်းများဆောင်ရွက်ခဲ့ကြသော်လည်း ထပ်မံပြင်ဆင်ရန်လိုအပ်ချက် များရှိနေခြင်း၊ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့တင်ပြအတည်ပြုချက်ဆောင်ရွက်ရန် ကျန်ရှိနေခြင်းတို့ကြောင့် (၂. ၁၂. ၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ထပ်မံဖြည့်စွက် ပြင်ဆင်လျက် အတည်ပြုချက်များရယူဆောင်ရွက်နိုင်ရန် (၁၅. ၁၂. ၂၀၁၇) အသင်းသားစုံညီအစည်းအဝေးတွင် တင်ပြသည့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ (ဖွဲ့စည်းပုံ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများ-၂၀၁၈) ဖြစ်ပါသည်။